WORLD KACHIN CONGRESS

WKC

contact@wkckachin.org

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်။

# မြန်မာစစ်တပ် အာဏာသိမ်းယူမှုအပေါ် ရှုံ့ချကြောင်းကြေညာချက်

အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD နှင့် မြန်မာ့တပ်မတော်တို့ အကြား ရက်သတ္တပတ် အချို့ကြာအောင် တင်းမာမှုဖြစ်ပွားပြီးနောက်တွင် လုံခြုံရေးတပ်ဖွဲ့များသည် သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အရေးပါသော အစိုးရအဖွဲ့ ခေါင်းဆောင်များကို စတင်ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ လင်းအားကြီးအချိန်တွင် မြန်မာစစ်တပ် တပ်ဖွဲ့များက အစိုးရအဆောက်အဦးများကို စတင်သိမ်းယူခဲ့သည်။ တယ်လီဖုန်း ဆက်သွယ်မှုများကို ဖြတ်တောက်ခဲ့သည်။ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များကိုဖမ်းဆီးခဲ့သည်။ ယခုအခါ စစ်တပ်၏ မီဒီယာသည် စစ်တပ်ကခန့်ထားသော ဒုတိယသမ္မတဦးမြင့်ဆွေအား ဒီမိုကရေစီမကျသည့် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းထားချက်အတိုင်း မြန်မာနိုင်ငံ၏ ယာယီ သမ္မတအဖြစ်ကြေညာခဲ့သည်။ ယင်းအခြေအနေအပေါ် မိမိတို့အနေဖြင့် သက်ဆိုင်ရာ များသို့ အောက်ပါအတိုင်းတိုက်တွန်းလိုက်သည်။

၁။ မိမိတို့သည် ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် လုံခြုံရေး တပ်ဖွဲ့များချထားရန်နှင့် စပ်လျှင်းသည့်ကိစ္စရပ်များကိုဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီအား အရေးပေါ် အစည်းအဝေးကျင်းပရန် တောင်းဆိုသည်။

၂။ မိမိတို့သည် မင်းအောင်လှိုင်နှင့် သူ၏တပ်မှူးများအား လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားဖြစ်မှုကိုဆန့်ကျင်သောရာဇဝတ်မှုများအပေါ် ရာဇဝတ်ဆိုင်ရာ အရေးယူဆောင်ရွက်မှု များ အလျင်အမြန်ပြုလုပ်ရန် ICC ကို တိုက်တွန်းလိုက်သည်။

၃။ မိမိတို့သည် မြန်မာစစ်တပ်ကို ပြည်ထောင်စု၏တိုင်းရင်းသားမတူကွဲပြားမှုများ၊ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ဖက်ဒရယ်အခြေခံမှုများကို ထင်ဟပ်သောတပ်မတော်ဖြစ် လာစေရန် ပြန်လည်ပြင်ဆင်ဖွဲ့စည်းစေရန် ကူညီပေးသွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ကို တောင်းဆိုလိုက်သည်။

၄။ မိမိတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို သူတို့၏ သက်ဆိုင်ရာနယ်မြေများတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိုပံ့ပိုးရန်နှင့် နိုင်ငံသားတိုင်း၏ စားဝတ်နေမှုဘဝများကို အကာအကွယ်ပေးရန်တောင်းဆိုသည်။

၅။ မိမိတို့သည် နိုင်ငံတော်အနေဖြင့် မတရားသဖြင့်အာဏာသိမ်းယူမှုကြောင့် ကြီးမားသောတန်ဖိုးပေးစပ်ရခြင်းမပြုမီ ဥပဒေနှင့်မညီပဲဖမ်းဆီးထားသော နိုင်ငံရေး ခေါင်းဆောင်များအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် မင်းအောင်လှိုင်အားတောင်းဆို လိုက်သည်။

၆။ မိမိတို့သည် ခွဲခြားဆက်ဆံမှုမရှိပဲ တိုင်းရင်းသားတန်းတူရေးကို အာမခံပြီး ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကိုအာမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို ရေးဆွဲအကောင် အထည်ဖော်နိုင်ရေးအတွက် တပ်မတော်အပေါ် ဖိအားပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တိုက်တွန်းသည်။

ဆက်သွယ်ရန်-

အင်ဆန်ဂွမ်ဆန် (USA) ဖုန်း +1 443 415 8683

မွန်းနေလီ (ထိုင်းနိုင်ငံ) ဖုန်း +66 85-523-3791

မရစ်ဆိုင်းဘူး (ဂျပန်) ဖုန်း +81 904 076 6579
ဇော်ရိန် ဖုန်ဂန် (နယူးဇီလန်) ဖုန်း +64 021 183 1134